# ACC Against COVID-19




အစီအစဉ် ( ၄၅ )

## "COVID-19 ကာလအလွန်မှသည် ကောင်းမွန်သောစီးပွားရေးစီမံအုပ်ချုပ်မှုဆီသို့"

တင်ပြသူ

ဒေါ်ခိုင်ခိုင်နွယ်

UMFCCI

ယနေ့ကမ္ဘာကြီးသည် ကပ်ရောဂါဆိုးများ၊
သဘာဝဘေးအန္တရာယ်ဆိုးများ တစ်နှစ်
ထက်တစ်နှစ်ဆိုးရွားလာပြီး ရာသီဥတု
ဖောက်ပြန်မှုတွေကြားကနေ ရှေ့ဆက်ရှင်သန်နိုင်ဖို့
ကြိုးစားရုန်းကန်နေရတဲ့ အချိန်ကာလတစ်ခုမှာ
ရောက်ရှိနေတာဖြစ်ပါတယ်။ အခုကာလမှာ ရင်ဆိုင်နေရတဲ့
COVID-19 ဗိုင်းရပ်စ်ဟာဆိုရင်လည်း လူအများစုရဲ့
နေ့စဉ်နေထိုင်မှုဘဝတွေကို ပြောင်းလဲပစ်လိုက်ရုံသာမက
စီးပွားရေးကဏ္ဍတော်တော်များများကိုပါ
ရပ်တန့်သွားစေခဲ့တာ ဖြစ်ပါတယ်။










ဒီလိုမျိုးထိခိုက်မှုတွေဟာ ထင်သာမြင်သာရှိပြီးတော့ အားလုံးအတူတကွ ရင်ဆိုင်ကြမယ်ဆိုရင် အချိန်ကာလတစ်ခုမှာ ပြန်လည်ထူထောင်နိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုမျိုး ထင်သာမြင်သာ မရှိဘဲနဲ့ စီးပွားရေးလုပ်ငန်းတွေသာမက လူ့အဖွဲ့အစည်းတစ်ခုလုံးကိုပါ လိုက်စားပြီး ပျက်စီးစေနိုင်တဲ့ ဗိုင်းရပ်စ်ပိုးတစ်မျိုးရှိပါသေးတယ်။ အဲဒါကတော့ Corruption ( အကျင့်ပျက်ခြစားမှု) ပါပဲ။

Corruption ကို ပြောင်းလဲလာသော ခေတ်နှင့်အညီ အဂတိလိုက်စားမှုလို့ ပြောင်းလဲ အသုံးပြုလာကြ ပါတယ်။ အဂတိတရားလေးပါး ဖြစ်တဲ့

- ဆန္ဒာဂတိ- ချစ်ခင်ရင်းနှီးသဖြင့်
- ဒေါသဂတိ- စိတ်ဆိုးအမျက်ထွက်သဖြင့်
- မောဟဂတိ- ဆင်ခြင်တုံတရား မရှိ မှန်၏/မှား၏ ခွဲခြား မသိသဖြင့်၊
- ဘယာဂတိ- ကြောက်ရွံ့သဖြင့်

စသည့် အကြောင်း အမျိုးမျိုးကြောင့် အဂတိလိုက်စားမှု (Corruption) ကိုကျူးလွန်လေ့ ရှိပါတယ်။

အချို့က အခြေအနေအရ မိမိတို့ စီးပွားရေးလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရန် အဂတိလိုက်စားမှုများကို ကျူးလွန်တတ်လေ့ရှိပါသည်။

စီးပွားရေးလုပ်ဆောင်မှု
လွယ်ကူစေဖို့အတွက်
အကျင့်ပျက် ခြစားမှုတွေထဲ
ပါဝင်စီးမျှောဖို့ မဖြစ်မနေ
လိုအပ်နေပါသလား?



ဒါဆိုရင် တစ်ခြား
နိုင်ငံတွေမှာရော
ဘယ်လိုတွေ ဖြစ်ပေါ်
တိုးတက်နေတယ်ဆိုတာ
မိမိတို့အနေနဲ့ သုံးသပ်
ကြည့်ဖို့ လိုအပ်မယ်လို့
ထင်ပါတယ်။

မိမိတို့အနေဖြင့် COVID-19 ကာလအလွန်
စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ချိန်တွင်
စီးပွားရေး လုပ်ငန်းဆိုင်ရာ New Normal
အနေနဲ့ မိမိတို့ စီးပွားရေးလုပ်ငန်းတွေကို
ကောင်းမွန်သော စီးပွားရေးစီမံအုပ်ချုပ်မှု
(Good Corporate Governance) နှင့်
တာဝန်သိသော တာဝန်ခံသော
စီးပွားရေးလုပ်ငန်း (Responsible Business)
များ ဖြစ်လာအောင် ကြိုးပမ်း
တည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။






TABLE 0.1 Ease of doing business ranking

| Rank | Economy | DB score | Rank | Economy | DB score | Rank | Economy | DB score |
|---|---|---|---|---|---|---|---|---|
| 1 | New Zealand | 86.8 | 65 | Puerto Rico (U.S.) | 70.1 | 128 | Barbados | 57.9 |
| 2 | Singapore | 86.2 | 66 | Brunei Darussalam | 70.1 | 129 | Ecuador | 57.7 |
| 3 | Hong Kong SAR, China | 85.3 | 67 | Colombia | 70.1 | 130 | St. Vincent and the Grenadines | 57.1 |
| 4 | Denmark | 85.3 | 68 | Oman | 70.0 | 131 | Nigeria | 56.9 |
| 5 | Korea, Rep. | 84.0 | 69 | Uzbekistan | 69.9 | 132 | Niger | 56.8 |
| 6 | United States | 84.0 | 70 | Vietnam | 69.8 | 133 | Honduras | 56.3 |
| 7 | Georgia | 83.7 | 71 | Jamaica | 69.7 | 134 | Guyana | 55.5 |
| 8 | United Kingdom | 83.5 | 72 | Luxembourg | 69.6 | 135 | Belize | 55.5 |
| 9 | Norway | 82.6 | 73 | Indonesia | 69.6 | 136 | Solomon Islands | 55.3 |
| 10 | Sweden | 82.0 | 74 | Costa Rica | 69.2 | 137 | Cabo Verde | 55.0 |
| 11 | Lithuania | 81.6 | 75 | Jordan | 69.0 | 138 | Mozambique | 55.0 |
| 12 | Malaysia | 81.5 | 76 | Peru | 68.7 | 139 | St. Kitts and Nevis | 54.6 |
| 13 | Mauritius | 81.5 | 77 | Qatar | 68.7 | 140 | Zimbabwe | 54.5 |
| 14 | Australia | 81.2 | 78 | Tunisia | 68.7 | 141 | Tanzania | 54.5 |
| 15 | Taiwan, China | 80.9 | 79 | Greece | 68.4 | 142 | Nicaragua | 54.4 |
| 16 | United Arab Emirates | 80.9 | 80 | Kyrgyz Republic | 67.8 | 143 | Lebanon | 54.3 |
| 17 | North Macedonia | 80.7 | 81 | Mongolia | 67.8 | 144 | Cambodia | 53.8 |
| 18 | Estonia | 80.6 | 82 | Albania | 67.7 | 145 | Palau | 53.7 |
| 19 | Latvia | 80.3 | 83 | Kuwait | 67.4 | 146 | Grenada | 53.4 |
| 20 | Finland | 80.2 | 84 | South Africa | 67.0 | 147 | Maldives | 53.3 |
| 21 | Thailand | 80.1 | 85 | Zambia | 66.9 | 148 | Mali | 52.9 |
| 22 | Germany | 79.7 | 86 | Panama | 66.6 | 149 | Benin | 52.4 |
| 23 | Canada | 79.6 | 87 | Botswana | 66.2 | 150 | Bolivia | 51.7 |
| 24 | Ireland | 79.6 | 88 | Malta | 66.1 | 151 | Burkina Faso | 51.4 |
| 25 | Kazakhstan | 79.6 | 89 | Bhutan | 66.0 | 152 | Mauritania | 51.1 |
| 26 | Iceland | 79.0 | 90 | Bosnia and Herzegovina | 65.4 | 153 | Marshall Islands | 50.9 |
| 27 | Austria | 78.7 | 91 | El Salvador | 65.3 | 154 | Lao PDR | 50.8 |
| 28 | Russian Federation | 78.2 | 92 | San Marino | 64.2 | 155 | Gambia, The | 50.3 |
| 29 | Japan | 78.0 | 93 | St. Lucia | 63.7 | 156 | Guinea | 49.4 |
| 30 | Spain | 77.9 | 94 | Nepal | 63.2 | 157 | Algeria | 48.6 |
| 31 | China | 77.9 | 95 | Philippines | 62.8 | 158 | Micronesia, Fed. Sts. | 48.1 |
| 32 | France | 76.8 | 96 | Guatemala | 62.6 | 159 | Ethiopia | 48.0 |
| 33 | Turkey | 76.8 | 97 | Togo | 62.3 | 160 | Comoros | 47.9 |
| 34 | Azerbaijan | 76.7 | 98 | Samoa | 62.1 | 161 | Madagascar | 47.7 |
| 35 | Israel | 76.7 | 99 | Sri Lanka | 61.8 | 162 | Suriname | 47.5 |
| 36 | Switzerland | 76.6 | 100 | Seychelles | 61.7 | 163 | Sierra Leone | 47.5 |
| 37 | Slovenia | 76.5 | 101 | Uruguay | 61.5 | 164 | Kiribati | 46.9 |
| 38 | Rwanda | 76.5 | 102 | Fiji | 61.5 | 165 | Myanmar | 46.8 |
| 39 | Portugal | 76.5 | 103 | Tonga | 61.4 | 166 | Burundi | 46.8 |
| 40 | Poland | 76.4 | 104 | Namibia | 61.4 | 167 | Cameroon | 46.1 |
| 41 | Czech Republic | 76.3 | 105 | Trinidad and Tobago | 61.3 | 168 | Bangladesh | 45.0 |
| 42 | Netherlands | 76.1 | 106 | Tajikistan | 61.3 | 169 | Gabon | 45.0 |
| 43 | Bahrain | 76.0 | 107 | Vanuatu | 61.1 | 170 | São Tomé and Príncipe | 45.0 |
| 44 | Serbia | 75.7 | 108 | Pakistan | 61.0 | 171 | Sudan | 44.8 |
| 45 | Slovak Republic | 75.6 | 109 | Malawi | 60.9 | 172 | Iraq | 44.7 |
| 46 | Belgium | 75.0 | 110 | Côte d'Ivoire | 60.7 | 173 | Afghanistan | 44.1 |
| 47 | Armenia | 74.5 | 111 | Dominica | 60.5 | 174 | Guinea-Bissau | 43.2 |
| 48 | Moldova | 74.4 | 112 | Djibouti | 60.5 | 175 | Liberia | 43.2 |
| 49 | Belarus | 74.3 | 113 | Antigua and Barbuda | 60.3 | 176 | Syrian Arab Republic | 42.0 |
| 50 | Montenegro | 73.8 | 114 | Egypt, Arab Rep. | 60.1 | 177 | Angola | 41.3 |
| 51 | Croatia | 73.6 | 115 | Dominican Republic | 60.0 | 178 | Equatorial Guinea | 41.1 |
| 52 | Hungary | 73.4 | 116 | Uganda | 60.0 | 179 | Haiti | 40.7 |
| 53 | Morocco | 73.4 | 117 | West Bank and Gaza | 60.0 | 180 | Congo, Rep. | 39.5 |
| 54 | Cyprus | 73.4 | 118 | Ghana | 60.0 | 181 | Timor-Leste | 39.4 |
| 55 | Romania | 73.3 | 119 | Bahamas, The | 59.9 | 182 | Chad | 36.9 |
| 56 | Kenya | 73.2 | 120 | Papua New Guinea | 59.8 | 183 | Congo, Dem. Rep. | 36.2 |
| 57 | Kosovo | 73.2 | 121 | Eswatini | 59.5 | 184 | Central African Republic | 35.6 |
| 58 | Italy | 72.9 | 122 | Lesotho | 59.4 | 185 | South Sudan | 34.6 |
| 59 | Chile | 72.6 | 123 | Senegal | 59.3 | 186 | Libya | 32.7 |
| 60 | Mexico | 72.4 | 124 | Brazil | 59.1 | 187 | Yemen, Rep. | 31.8 |
| 61 | Bulgaria | 72.0 | 125 | Paraguay | 59.1 | 188 | Venezuela, RB | 30.2 |
| 62 | Saudi Arabia | 71.6 | 126 | Argentina | 59.0 | 189 | Eritrea | 21.6 |
| 63 | India | 71.0 | 127 | Iran, Islamic Rep. | 58.5 | 190 | Somalia | 20.0 |
| 64 | Ukraine | 70.2 | | | | | | |

*Source: Doing Business* database.

*Note:* The rankings are benchmarked to May 1, 2019, and based on the average of each economy's ease of doing business scores for the 10 topics included in the aggregate ranking. For the economies for which the data cover two cities, scores are a population-weighted average for the two cities. Rankings are calculated on the basis of the unrounded scores, while scores with only one digit are displayed in the table.

စီးပွားရေးလုပ်ငန်းများတွင် ကောင်းမွန်သော စီးပွားရေးစီမံအုပ်ချုပ်မှု (Good Corporate Governance) အလေ့အထများကို လိုက်နာဖို့ အရေးကြီးပါတယ်။ ကမ္ဘာ့စီးပွားရေးမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးလူးဆက်ဆံကြတဲ့အခါ လုပ်ငန်းတစ်ခုချင်းစီရဲ့ ဂုဏ်သိက္ခာ (Reputation) ဟာ အဂတိကင်းစင်မှု၊ တာဝန်သိမှုနှင့် ကျင့်ဝတ်လိုက်နာမှုတို့အပေါ် မူတည်နေပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ အနေနဲ့ လုပ်ငန်းတစ်ခုနဲ့ ပူးပေါင်းဆောင်ရွက်တော့မယ်ဆိုရင် ယင်းလုပ်ငန်းရဲ့ ဂုဏ်သိက္ခာ (Reputation) ဘယ်လောက်ကောင်းလဲ၊ ဘယ်လောက် ယုံကြည်စိတ်ချရသလဲကို ဦးစွာကြည့်ကြတယ်ဆိုတာ စီးပွားရေးလုပ်ငန်းတွေ အားလုံးအသိပဲ ဖြစ်ပါတယ်။






2012–2019 Corruption Perceptions Index table[15][16]

| Rank | Nation or Territory | 2019[17] Score | 2019[17] Change in score from previous year | 2018[18] Score | 2018[18] Change in score from previous year | 2017[19] Score | 2017[19] Change in score from previous year | 2016[20] Score | 2016[20] Change in score from previous year | 2015[21] Score | 2015[21] Change in score from previous year | 2014[22] Score | 2014[22] Change in score from previous year |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | New Zealand | 87 | – | 87 | ▼2 | 89 | ▼1 | 90 | ▼1 | 91 | – | 91 | – |
| 1 | Denmark | 87 | ▼1 | 88 | – | 88 | ▼2 | 90 | ▼1 | 91 | ▼1 | 92 | ▲1 |
| 3 | Finland | 86 | ▲1 | 85 | – | 85 | ▼4 | 89 | ▼1 | 90 | ▲1 | 89 | – |
| 4 | Sweden | 85 | – | 85 | ▲1 | 84 | ▼4 | 88 | ▼1 | 89 | ▲2 | 87 | ▼2 |
| 4 | Switzerland | 85 | – | 85 | – | 85 | ▼1 | 86 | – | 86 | – | 86 | ▲1 |
| 4 | Singapore | 85 | – | 85 | ▲1 | 84 | – | 84 | ▼1 | 85 | ▲1 | 84 | ▼2 |
| 7 | Norway | 84 | – | 84 | ▼1 | 85 | – | 85 | ▼2 | 87 | ▲1 | 86 | – |
| 8 | Netherlands | 82 | – | 82 | – | 82 | ▼1 | 83 | ▼4 | 87 | ▲4 | 83 | – |
| 9 | Luxembourg | 80 | ▼1 | 81 | ▼1 | 82 | ▲1 | 81 | – | 81 | ▼1 | 82 | ▲2 |
| 9 | Germany | 80 | – | 80 | ▼1 | 81 | – | 81 | – | 81 | ▲2 | 79 | ▲1 |
| 11 | Iceland | 78 | ▲2 | 76 | ▼1 | 77 | ▼1 | 78 | ▼1 | 79 | – | 79 | ▲1 |
| 12 | Canada | 77 | ▼4 | 81 | ▼1 | 82 | – | 82 | ▼1 | 83 | ▲2 | 81 | – |
| 12 | United Kingdom | 77 | ▼3 | 80 | ▼2 | 82 | ▲1 | 81 | – | 81 | ▲3 | 78 | ▲2 |
| 12 | Australia | 77 | – | 77 | – | 77 | ▼2 | 79 | – | 79 | ▼1 | 80 | ▼1 |
| 12 | Austria | 77 | ▲1 | 76 | ▲1 | 75 | – | 75 | ▼1 | 76 | ▲4 | 72 | ▲3 |
| 16 | Hong | 76 | – | 76 | ▼1 | 77 | – | 77 | ▲2 | 75 | ▲1 | 74 | ▼1 |

ယင်းစီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းတွင်သာ လည်ပတ်နေတဲ့ လုပ်ငန်းဖြစ်သည့်တိုင် လုပ်ငန်း၏ ဂုဏ်သိက္ခာ (Reputation) ကောင်းမွန်အောင် အမြဲတည်ဆောက်သင့်ပါသည်။ မြန်မာနိုင်ငံမှာရှိသော စီးပွားရေးလုပ်ငန်းများသည် ရေရှည်ပူးပေါင်းလက်တွဲ ဆောင်ရွက်သင့်သည့် စီးပွားရေးလုပ်ငန်းတွေ ဖြစ်တယ်ဆိုတာကို မြင်သာအောင်ကြိုးစားရမှာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတစ်ခု ရေရှည်အောင်မြင်စွာရပ်တည်နိုင်ရန် ကောင်းမွန်သော စီးပွားရေးစီမံအုပ်ချုပ်မှု (Good Corporate Governance) သည် မရှိမဖြစ်လိုအပ်သော အရာဖြစ်ပါတယ်။

ပထမဦးစွာ ကောင်းမွန်သော စီးပွားရေး
စီမံအုပ်ချုပ်မှုဟုဆိုရာတွင် ပထမအချက်အနေဖြင့်
သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြတ်သားသော
မူဝါဒများ၊ မဟာဗျူဟာများ ချမှတ်ရမှာ ဖြစ်ပါတယ်။
မည်သို့သော ဝန်ဆောင်မှု၊ မည်သို့သောထုတ်ကုန်တွေ၊
မည်သို့သောဈေးကွက်တွေကို ဦးတည်မှာလဲ၊
ဦးတည်ဈေးကွက်ကို မည်သို့ရှာဖွေထိုးဖောက်မှာလဲ၊
Sustianable ဖြစ်အောင်မည်သို့ စီမံမှာလဲ အစရှိတဲ့
အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့စပ်လျဉ်းတဲ့
မူဝါဒများကို ချမှတ်ဖို့ အရေးကြီးပါတယ်။



ဒုတိယအချက်အနေနဲ့ မမျှော်လင့်ထားသော အခြေအနေဆိုးများ ရင်ဆိုင်ကြုံတွေ့လာနိုင်သည့်အတွက် ထိရောက်တဲ့ Risk Management Plan တွေ ကြိုတင်စီမံပြင်ဆင်ထားဖို့ လိုအပ်ပါသည်။ ယခုလို COVID-19 ကာလအတွင်း စီးပွားရေးလုပ်ငန်းတွေမှာ Risk Management Plan တွေရှိဖို့ အရေးကြီးတယ်ဆိုတာ တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။







တတိယအချက်အနေဖြင့် လုပ်ငန်းတွေမှာရှိတဲ့ ဝန်ထမ်းများသည် စားသုံးသူ (Customer) တွေအပေါ်မှာ တန်ဖိုးထားဆက်ဆံဖို့ အရေးကြီးပါတယ်။ ယခုလို အကြပ်အတည်းကာလအတွင်း စားသုံးသူများအပေါ် ပိုမိုဂရုတစိုက် ဆက်ဆံပေးခြင်းဖြင့် မိမိ၏ လုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။

စတုတ္ထမြောက်အချက်ကတော့ ပွင့်လင်းမြင်သာမှုဖြစ်ပါတယ်။
ပွင့်လင်းမြင်သာမှု ဆိုတာက အဖွဲ့အစည်းအသီးသီးအတွက်
အရေးကြီးပါတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုမှာ ပွင့်လင်း
မြင်သာမှုနဲ့ မှန်ကန်သောသတင်းအချက်အလက်မျှဝေမှုဆိုတာ
ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုဖြစ်ဖို့ အဓိကကျတဲ့အချက်
ဖြစ်ပါတယ်။ ဘဏ္ဍာရေးရှင်းတမ်းတွေ၊ စာရင်းစစ်
အစီရင်ခံစာတွေကို အများပြည်သူသိအောင် ထုတ်ပြန်ပေးခြင်းက
ရင်းနှီးမြှုပ်နှံလိုသူတွေရဲ့ စိတ်ဝင်စားမှုနဲ့ ယုံကြည်မှုကို
ပိုမိုရရှိစေမှာပဲ ဖြစ်ပါတယ်။




Budget

Budget

06/01/2016 - 08/31/2016

| Category | Budgeted | Actual | Difference |
|---|---|---|---|
| Expenses | | | |
| 411 Chorus Director's Fees | 1,500.00 | 1,500.00 | 0.00 |
| 412 Contributions to district chorus and quartet fund | 320.00 | 0.00 | 320.00 |
| 432 Office Supplies and Expense | 207.00 | 15.14 | 191.86 |
| 434 Purchase of Music | 250.00 | 67.00 | 183.00 |
| 445 Transportation of chorus and quartets to show site (Not in I | 0.00 | 6,653.42 | -6,653.42 |
| Show Expenses:444 Printing programs, tickets, etc. (Not in bud | 0.00 | 315.78 | -315.78 |
| Total Expenses | $ 2,277.00 | $ 8,551.34 | $ -6,274.34 |
| | | | |
| Income | | | |
| 300 Chapter Dues | 200.00 | 225.00 | 25.00 |
| 320 Performance Fees | 400.00 | 0.00 | -400.00 |
| 340 Donations Received | 1,500.00 | 8,634.41 | 7,134.41 |
| 340 Donations Received:340A Youth Quartet Fundraiser (Not in I | 0.00 | -6,406.41 | -6,406.41 |
| 360 Other Member Revenue | 1,050.00 | 217.00 | -833.00 |
| Total Income | $ 3,150.00 | $ 2,670.41 | $ 5,526.41 |







ပဋ္ဌမအချက်အနေနဲ့ တာဝန်သိ စီးပွားရေးလုပ်ငန်းများ အနေဖြင့် ရပ်တည်ဖို့ ဖြစ်ပါတယ်။ လူမှုရေးတာဝန်သိတဲ့ တာဝန်သိစီးပွားရေး လုပ်ငန်းများဆိုတာ ကိုယ်ကျိုးတစ်ခုတည်းကိုသာမက ဝန်ထမ်းတွေ၊ Shareholder တွေနဲ့အတူ သက်ဆိုင်ရာ ဝန်းကျင်ကိုပါ အကျိုးကျေးဇူး ဖြစ်ထွန်းစေပြီး Win-Win Situation ကိုဖန်တီးတာပဲ ဖြစ်ပါတယ်။ တာဝန်သိ စီးပွားရေးလုပ်ငန်း တစ်ခုအနေဖြင့်ဆိုလျှင် လူ့အခွင့်အရေး၊ အလုပ်သမား အခွင့်အရေးတွေကို သိရှိလိုက်နာဖို့ သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှု မဖြစ်စေဖို့၊ အဂတိလိုက်စားမှု ကင်းရှင်းဖို့ မိမိပတ်ဝန်း ကျင်ကို မိမိလုပ်ငန်းနဲ့အတူ တိုးတက်ဖွံ့ဖြိုးစေဖို့ အရေးကြီးပါတယ်။

အချုပ်အားဖြင့်ပြောရရင် ကမ္ဘာ့စီးပွားရေးရပ်ဝန်းအလယ်မှာ
မြန်မာ့စီးပွားရေးလုပ်ငန်းရှင်တွေအနေဖြင့် တာဝန်သိသော၊ သိက္ခာရှိသော ရေရှည်တည်တံ့သော၊
ယုံကြည်ထိုက်သော စီးပွားရေးမိတ်ဖက်များအဖြစ် ရပ်တည်နိုင်ဖို့အတွက် လုပ်ငန်းတွေမှာ Good
Corporate Governance ကောင်းမွန်သော စီးပွားရေးအုပ်ချုပ်မှုကို မဖြစ်မနေ
အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ မိမိအနေဖြင့် တိုက်တွန်းလိုက်ရပါတယ်။

